RESEARCH NETWORK PROGRAM
SOCIOECONOMIC STUDIES

# အမျိုးသမီးများအပေါ် သက်ရောက်နေသော မမျှတသည့် ဝန်ထုပ်ဝန်ပိုးများ

NOVEMBER 2024




PHOTO: AFP

## စစ်တမ်းအကြောင်း

မြန်မာနိုင်ငံအတွင်းရှိလူမှုစီးပွားအခြေအနေများကို ဆန်းစစ်လေ့လာနိုင်ရန် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar) ၏ သုတေသနကွန်ရက် (Research Network Program) က (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း၏ သုံးပုံတပုံဖြစ်သော) မြို့နယ် ၁၁၀ တွင် ဒေသဆိုင်ရာ အချက်အလက်များကို ကောက်ယူလျက်ရှိသည်။ ယခုစစ်တမ်းတွင် ၂၀၂၄ ခုနှစ် မတ်လမှ ဩဂုတ်လအတွင်း တွေ့ရှိချက်များကို အပိုင်းငါးပိုင်းခွဲ၍ တင်ပြပါမည်။ နေ့စဉ်လူမှုဘဝအခက်အခဲများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် အခြေခံစားသောက်ကုန် အကျပ်အတည်း၊ ပြည်သူ့ဝန်ဆောင်မှုအခြေအနေ၊ မူးယစ်ဆေးသုံးစွဲမှုနှင့် လောင်းကစားလုပ်ကိုင်ခြင်းများနှင့် ဥတုကပ်ဘေးအခြေအနေတို့ကို ဖော်ပြထားသည်။

စစ်တမ်းတွေ့ရှိချက်များအရ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုတို့အပါအဝင် စိတ်မလုံခြုံမှု ပြဿနာများကို ပြည်သူအများ နိစ္စဓူဝရင်ဆိုင်နေကြရသည်။ အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးတခုဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုယန္တရားမှာလည်း ချည့်နဲ့နေသည်။ ငွေသုံးနိုင်မှ အသက်ကယ်နိုင်မည့်အချိန်၌ မရှိဆင်းရဲသားနင်းပြားများအဖို့ ရှင်လျက်နှင့်ပင် အသက်ရှူရပ်မတတ် ဖြစ်နေကြသည်။ စစ်ကောင်စီ၏ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုဆိုသည်မှာလည်း ဆင့်ပါးစပ် နှမ်းပက်သည့်နှယ် လုံလောက်မှုမရှိပေ။ တဖက်တွင်မူ ရာဇဝတ်မှုများက ပွားများဝေစည်နေသည်။ ခိုးမှု၊ လုယက်မှုနှင့် ဖောက်ထွင်းမှုတို့က ကြီးစိုးနေသည်။ ခံရသူများက တိုင်ပါသော်လည်း မထိရောက်သဖြင့် အချင်းချင်းညှိနှိုင်းဖြေရှင်းနေကြရသည်။ အများရင်ဆိုင်နေရသော ထိုအခြေအနေများ၏ ဝန်ထုပ်ဝန်ပိုးများက အမျိုးသမီးများအပေါ်၌လည်း သက်ရောက်ဖိစီးနေသည်။ အိမ်မှုကိစ္စ၊ စားဝတ်နေရေးအတွက် ရုန်းကန်ရင်ဆိုင်ရခြင်း၊ လုပ်ခလစာ အနိမ့်ခံရမှုများမှသည် အိမ်တွင်းအကြမ်းဖက်ခံရခြင်းများအဆုံး ဆတိုးဒဏ်ရာများကို အမျိုးသမီးများ ခါးစည်းခံနေကြရသည်။

ISP-Myanmar ၏ Research Network Program အနေနှင့် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း နိုင်အနှံ့ မြို့နယ်ပေါင်း ၁၁၀ ရှိ ပြည်သူ ၁,၀၀၀ ကို မေးမြန်းသော သဘောထားအမြင်စစ်တမ်းတရပ်ကိုလည်း ပြုလုပ်ထားသည်။ အဆိုပါစစ်တမ်းကို **‘နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရော့မည် - ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း စစ်တမ်းတွေ့ရှိချက်’**ခေါင်းစဉ်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြန့်ချိခဲ့ပါသည်။ ယခုဖော်ပြမည့်စစ်တမ်းတွင် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက လေ့လာခဲ့သော သဘောထားအမြင်စစ်တမ်းပါ တွေ့ရှိချက်တချို့နှင့်ချိတ်ဆက်၍ အမျိုးသမီးများအပေါ် သက်ရောက်နေသည့် ဝန်ထုပ်ပိုးများအား မြင်သာစေရန် ဖော်ပြထားသည်။ ■


■ အပိုင်း-၁

# နေ့စဉ်လူမှုဘဝအခက်အခဲများ

ISP-Myanmar ၏ လူမှုစီးပွားသုတေသနလေ့လာမှုများအရ ပြည်သူများ နေ့စဉ်ရင်ဆိုင်နေရသော ကြီးမားသည့် ဒုက္ခတခုမှာ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်သည်။ ၂၀၂၄ ခုနှစ် မတ်လမှ ဩဂုတ်လ အတွင်း ဖြန့်ကြက်လေ့လာခဲ့သည့် မြို့နယ် ၁၁၀ အနက် ပျမ်းမျှ ၁၀၂ မြို့နယ်တွင် လျှပ်စစ်မီးပြတ်တောက်မှုကို ရင်ဆိုင်နေရသည်။ မြို့နယ်အများစု၌ တနေ့မီးပြတ်ချိန် လေးနာရီမှ ရှစ်နာရီအထိ ရှိနေသည်။ တနေ့ မီးပြတ်ချိန် ကိုးနာရီမှ ၁၃ နာရီအထိရှိသော မြို့နယ်များလည်း ရှိနေသည်။ မကွေးတိုင်းမှ မကွေး၊ အောင်လံနှင့် ရေစကြို၊ မန္တလေးတိုင်းမှ ကျောက်ဆည်၊ မြင်းခြံနှင့် ညောင်ဦး၊ မွန်ပြည်နယ်မှ သထုံ၊ ချင်းပြည်နယ်မှ ဖလမ်း၊ ပဲခူးတိုင်းမှ သာယာဝတီနှင့် သဲကုန်း၊ ရှမ်းပြည်နယ်မှ လင်းခေး၊ မိုင်းရှူး၊ ရှာငံ၊ ညောင်ရွှေ၊ ရန်ကုန်တိုင်းမှ မင်္ဂလာဒုံနှင့် တောင်ဥက္ကလာပ၊ ဧရာဝတီတိုင်းမှ မအူပင်၊ မြောင်းမြ၊ ▶

## ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသည့် လူမှုစီးပွားဒုက္ခများ

မီးပြတ်မှုကို မြို့နယ် ၁၀၀ နှင့်အထက်တွင် ကြုံနေကြရသည်။



ဘိုကလေးနှင့် ဓနုဖြူ စသောမြို့နယ်တို့တွင် တနေ့မီးပြတ်ချိန်သည် ကိုးနာရီမှ ၁၃ နာရီအထိ ကြာမြင့်ပါသည်။ မီးပုံမှန်မရဘဲ မီးပြတ်သံသရာလည်ဆဲ ဖြစ်သော်လည်း မီတာခတိုးကောက်မည်ဟု ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် စစ်ကောင်စီက ကြေညာခဲ့သည်။ အိမ်သုံး တယူနစ် ၃၅ ကျပ်နှုန်းမှ ၅၀ ကျပ်အထိ၊ လုပ်ငန်းသုံး တယူနစ် ၁၂၅ ကျပ်မှ ၂၅၀ ကျပ်အထိ တိုးမြှင့်လိုက်သည်။ ISP-Myanmar က သုတေသနပြု လေ့လာနေသည့် မြို့နယ် ၁၁၀ အနက် ပျမ်းမျှ ၈၅ မြို့နယ် (၇၇ ရာခိုင်နှုန်း)သည် စစ်ကောင်စီကပေးသော လျှပ်စစ်မီးကို အားကိုးနေရသည်။

ပြည်သူများ ဒုတိယအများဆုံး ရင်ဆိုင်နေရသောဒုက္ခမှာ စိတ်လုံခြုံမှုမရှိခြင်း ဖြစ်သည်။ အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်ကာလအတွင်း 'စိတ်မလုံခြုံမှု'ကို လူတိုင်းနီးပါး ခံစားနေရသည်။ ISP-Myanmar က လေ့လာနေသော မြို့နယ် ၁၁၀ အနက် ပျမ်းမျှ ၈၉ မြို့နယ် (၈၁ ရာခိုင်နှုန်း)၌ ထိုသို့ ရင်ဆိုင်နေကြရခြင်းဖြစ်သည်။ လောင်စာဆီပြတ်လပ်မှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် အတင်းအကျပ် ငွေကြေးတောင်းခံရခြင်းများသည်လည်း နေ့စဉ်ဘဝအခက်အခဲများ ဖြစ်နေသည်။ လောင်စာဆီပြတ်တောက်မှုသည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် အမြင့်ဆုံးသို့ရောက်ခဲ့ပြီး မြို့နယ် ၁၁၀ အနက် ၈၆ မြို့နယ်(၇၈ ရာခိုင်နှုန်း)တွင် ကြုံတွေ့ခဲ့ကြပါသည်။ ဆေးဝါးပြတ်လပ်မှု၊ အခြေခံစားနပ်ရိက္ခာပြတ်လပ်မှုနှင့် သောက်သုံးရေပြတ်လပ်မှုများလည်း ရှိနေပါသည်။ သုတေသနပြု လေ့လာချက်များအရ ဆေးဝါးပြတ်လပ်မှုသည် လစဉ် မြင့်တက်လျက်ရှိပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ၆၅ မြို့နယ် (၅၉ ရာခိုင်နှုန်း )အထိ ရှိခဲ့သည်။


ဖော်ပြပါအခြေအနေများကို လူတိုင်းနီးပါး ရင်ဆိုင်နေရသော်လည်း အမျိုးသမီးများက ဖိစီးမှုကို ပို၍ ရင်ဆိုင်နေရသည်။ ဥပမာ - ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း စိတ်မလုံခြုံမှု ခံစားနေရသူများထဲတွင် အမျိုးသမီးများလည်း အများအပြားပါဝင်နေသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ISP-Myanmar က သုတေသနပြု လေ့လာခဲ့သော သဘောထားအမြင်စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့သူ အမျိုးသမီး ၅၄၂ ဦးအနက် ၃၂၆ ဦး (၆၀ ရာခိုင်နှုန်း) က စိတ်မလုံခြုံမှုကို ခံစားနေရကြောင်း ဖြေခဲ့ကြသည်။ ထိုကဲ့သို့သော စိတ်မလုံခြုံမှုအပြင် ကုန်ဈေးနှုန်းကြီးမှုနှင့် အခြေခံစားသောက်ကုန် အကျပ်ဆိုက်မှုကလည်း အမျိုးသမီးများအပေါ် သက်ရောက်နေပါသည်။

■ အပိုင်း-၂

## ကုန်စျေးနှုန်းမြင့်တက်မှုနှင့် အခြေခံစားသောက်ကုန်အကျပ်အတည်း

အာဏာသိမ်းမှုနောက်ပိုင်း အဆမတန်မြင့်တက်လာသော ကုန်စျေးနှုန်းများက အမျိုးသမီးများအတွက် ခေါင်းကိုက်စရာ ဒုက္ခကြီးဖြစ်နေသည်။ အခြေခံစားသောက်ကုန်များအနက် ဆန်စျေးနှင့် ဆီစျေးကို ကြည့်ရုံမျှဖြင့် တွက်ဆနိုင်ပါသည်။ အာဏာမသိမ်းမီ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ဆန်ကြမ်းတပြည်သည် ၈၂၅ ကျပ်သာ ကျသင့်ပါသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင်မူ ၂,၃၃၀ ကျပ်အထိ သုံးဆနီးပါး မြင့်တက်သွားသည်။ ထိုစျေးမှာ ဆန်ကုန်သည် ရည်ညွှန်းစျေးသာဖြစ်ပြီး စျေးကွက်ပေါက်စျေးက ပိုများနေသည်။ ISP-Myanmar ၏ လေ့လာမှုများအရ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် စျေးကွက်ထဲ၌ စျေးအနည်းဆုံးဆန်စျေးမှာ ပျမ်းမျှ ၅,၁၀၀ ကျပ်ဖြစ်သည့်အတွက် ရည်ညွှန်းစျေးထက် နှစ်ဆကျော် မြင့်မားနေပါသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ▶

### ဆန်စျေးနှင့် စားအုန်းဆီစျေး မြင့်တက်မှု



- အချို့သောလများ၌ အဖိုးနည်းဆန်စျေးများမှာ တပြည်လျှင် ကျပ် ၈,၀၀၀ ကျော်အထိ ကြီးမြင့်နေပါသည်။

စားအုန်းဆီစျေးနှုန်းမှာလည်း အာဏာမသိမ်းမီ ၂၀၂၁ ခုနှစ် ဇန်နဝါရီတွင် တပိဿာလျှင်၂,၃၅၇ ကျပ်သာရှိပါသည်။ ၂၀၂၄ ခုနှစ် သြဂုတ်လတွင် စစ်ကောင်စီရည်ညွှန်းစျေးအရ ၆,၃၇၅ ကျပ် ရှိနေသဖြင့် ရည်ညွှန်းစျေးသည်ပင် သုံးဆနီးပါး မြင့်တက်နေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် သြဂုတ်လတွင် စားအုန်းဆီစျေး အမြင့်ဆုံးသို့ရောက်ခဲ့သည်။ ကချင်ပြည်နယ်တွင် စားအုန်းဆီတပိဿာကို ၃၀,၀၀၀ ကျပ်အထိလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ကျပ် ၂၅,၀၀၀ အထိလည်းကောင်း ဝယ်ယူနေရသည့်မြို့နယ်များ ရှိနေသည်။

အခြေခံစားသောက်ကုန်များ၏ စျေးနှုန်းများကြီးမားသော်လည်း ပြည်သူအများ၏ လုပ်ခလစာသည် တိုးမြင့်လာခြင်းမရှိပါ။ မြန်မာနိုင်ငံတွင် အခြေခံလုပ်ခလစာမှာ ၄,၈၀၀ ကျပ်သာရှိခဲ့ပြီး ၂၀၂၄ ခုနှစ် သြဂုတ်လတွင်မှ ၆,၈၀၀ ကျပ်သို့ ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။ သို့သော် လက်တွေ့တွင် ယခင်သတ်မှတ်ထားသော အခြေခံလုပ်ခလစာ ၄,၈၀၀ ကျပ်ပင်မရသည့် လုပ်သားများ ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် အချို့သောလများတွင် အမျိုးသမီးများ၏ လုပ်အားခသည် ၄,၈၀၀ ကျပ်ပင် မရကြပေ။ ထို့ကြောင့် အများစုမှာ ထမင်းနပ်မှန်ဖို့ပင် အခက်အခဲဖြစ်နေသည်။ တချို့မှာ အသား၊ ငါးများ လျှော့စားကြသည်။ တချို့မှာ အလေ့ကျပေါက်ပင်များကို ဟင်းအဖြစ် ချက်ပြုတ်စားသောက်ကြသည်။

ထိုသို့ ရရာနည်းများဖြင့် ဖြေရှင်းကြရာတွင်လည်း အမျိုးသမီးများက ပို၍ ခြိုးခြံကြသည်ကို တွေ့ရသည်။ အခြားမိသားစုဝင်များအား ဦးစားပေးသည့်အနေဖြင့် ပို၍ ခြိုးခြံချွေတာကြကြောင်း ISP-Myanmar ၏ သုတေသနပြုလေ့လာမှုများတွင် ပါဝင်ဖြေဆိုကြသော အမျိုးသမီးများကဆိုကြသည်။ အကျိုးဆက်အားဖြင့် အာဟာရမျှတမှုနှင့် ကျန်းမာရေးအတွက် စိုးရိမ်စရာများဖြစ်လာသည်။ အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာမူဝါဒသုတေသနအဖွဲ့ (IFPRI)၏ သုတေသနပြုချက်များတွင်လည်း ထိုအချက်နှင့်ဆက်နွယ်သော တွေ့ရှိချက်ကို မြင်ရသည်။ အရွယ်ရောက်ပြီးသူ အထူးသဖြင့် ကျေးလက်ဒေသနေ အမျိုးသမီးများတွင် အာဟာရမျှတမှု နည်းပါးသည်ကို တွေ့ရကြောင်း IFPRI ၏ ၂၀၂၂ ခုနှစ် အတွင်းက လေ့လာမှုတွင် ဆိုထားသည်။ နေ့စဉ်ဘဝ အခက်အခဲများအကြား မိသားစုမီးဖိုချောင်ကို စီမံနေရသော သားသည်မိခင်များအပါအဝင် မိသားစုဝန်ထမ်းနေကြရသည့် အမျိုးသမီးများအားလုံးအတွက် ရတက်မအေးဖွယ်ပင် ဖြစ်ပါသည်။


■ အပိုင်း-၃

# ပြည်သူ့ဝန်ဆောင်မှုအခြေအနေ

တိုက်ပွဲများ ကျယ်ပြန့်လာချိန်၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စွမ်း ရှိ၊ မရှိကလည်း ပို၍အရေးပါလာသည်။ ISP-Myanmar ၏ လူမှုစီးပွား သုတေသနလေ့လာမှုအစီအစဉ်က လေ့လာခဲ့သော မြို့နယ် ၁၁၀ အနက် ပျမ်းမျှအားဖြင့် ၈၇ မြို့နယ် (၇၉ ရာခိုင်နှုန်း)တွင် စစ်ကောင်စီ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ကျန်းမာရေးနှင့် ပညာရေးတို့မှာ လည်ပတ်နိုင်သေးသည်။ သို့သော် စစ်ကောင်စီ၏ ဆောင်ရွက်နိုင်စွမ်းမှာ ၂၀၂၄ ခုနှစ် ဇွန်လမှစ၍ လျော့ကျလာပါသည်။ ISP-Myanmar ၏ Conflict, Peace and Security အစီအစဉ်က လေ့လာခဲ့သော ညွှန်းကိန်းများအရလည်း နိုင်ငံအနှံ့ မြို့နယ် ၃၃၀ အနက် ၁၂၀ တွင် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အကျပ်အတည်း ပြင်းထန်သက်ရောက်မှုညွှန်းကိန်း မြင့်မားလာသည်ကို တွေ့ရသည်။ ထိုအချိန်တွင် ကိုယ်ထူကိုယ်ထ ပရဟိတအဖွဲ့

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု

မြို့နယ် ၈၀ နှင့်အထက်၌ စစ်ကောင်စီလက်အောက်ခံဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုများ ရှိနေသေးသည်။




များနှင့် အရပ်ဘက်အဖွဲ့အစည်းများက ဆောင်ရွက်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာ ပိုများလာခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs)နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ ဆောင်ရွက်ပေးနိုင်စွမ်းမှာ နည်းပါးနေသေးသည်။ ထို့အပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်သော အဂတိလိုက်စားမှု၊ တရားဥပဒေစိုးမိုးရေးကို ထင်ဟပ်စေသော အမှုအခင်းနှင့် ရာဇဝတ်မှုဖြစ်ပွားခြင်းများ၊ တိုင်ကြားမှုအခြေအနေများ စသည်တို့ကိုလည်း ထည့်သွင်းလေ့လာခဲ့ပါသည်။

## ကျန်းမာရေး

ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများကို ပိုအားထားနေရသည်။ စစ်ကောင်စီက ဖွင့်လှစ်သော ဆေးရုံ၊ ဆေးပေးခန်းများကိုလည်း အားထားနေရဆဲ ဖြစ်ပါသည်။ သို့သော် စစ်ကောင်စီ၏ ဆေးရုံ၊ ဆေးပေးခန်းများမှာ ဝန်ဆောင်မှု ကျဆင်းလျက်ရှိသည်။ ဥပမာအားဖြင့် မြို့နယ်

### ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းများ

၈၅ မြို့နယ်နှင့်အထက်တွင် ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများကို အားထားနေရသည်။




## ကျန်းမာရေးဝန်ဆောင်မှု


သာမန်ဖျားနာခြင်းကို မြို့နယ်အလိုက် ကုသပေးနိုင်မှု

၂၀၂၄ — မတ် · ဧပြီ · မေ · ဇွန် · ဇူလိုင် · ဩဂုတ်

■ စစ်ကောင်စီ ဆေးရုံ၊ ဆေးပေးခန်းများ




■ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ




## ကျန်းမာရေးဝန်ဆောင်မှု


ခွဲစိတ်ကုသခြင်းကို မြို့နယ်အလိုက် လုပ်ဆောင်ပေးနိုင်မှု

၂၀၂၄ မတ် ဧပြီ မေ ဇွန် ဇူလိုင် ဩဂုတ်

■ စစ်ကောင်စီ ဆေးရုံ၊ ဆေးပေးခန်းများ




■ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ




## ကျန်းမာရေးဝန်ဆောင်မှု


မီးဖွားခြင်းကို မြို့နယ်အလိုက် လုပ်ဆောင်ပေးနိုင်မှု

၂၀၂၄ မတ် ဧပြီ မေ ဇွန် ဇူလိုင် ဩဂုတ်

■ စစ်ကောင်စီ ဆေးရုံ၊ ဆေးပေးခန်းများ




■ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ




## ကျန်းမာရေးဝန်ဆောင်မှု


ဆေးရုံတက်ကုသခြင်းကို မြို့နယ်အလိုက် လက်ခံနိုင်မှု

၂၀၂၄ မတ် ဧပြီ မေ ဇွန် ဇူလိုင် သြဂုတ်

■ စစ်ကောင်စီ ဆေးရုံ၊ ဆေးပေးခန်းများ




■ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ




## ကျန်းမာရေးဝန်ဆောင်မှု


အရေးပေါ်ကုသခြင်းကို မြို့နယ်အလိုက် လုပ်ဆောင်ပေးနိုင်မှု

၂၀၂၄ မတ် ဧပြီ မေ ဇွန် ဇူလိုင် ဩဂုတ်

■ စစ်ကောင်စီ ဆေးရုံ၊ ဆေးပေးခန်းများ




■ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ




## ကျန်းမာရေးဝန်ဆောင်မှု


### မြို့နယ်အလိုက် ကာကွယ်ဆေးရရှိမှု

၂၀၂၄ မတ် ဧပြီ မေ ဇွန် ဇူလိုင် ဩဂုတ်

■ စစ်ကောင်စီ ဆေးရုံ၊ ဆေးပေးခန်းများ




■ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ



၁၁၀ အနက် ပျမ်းမျှအနေဖြင့် ၄၂ မြို့နယ် (၃၈ ရာခိုင်နှုန်း)တွင်သာ သာမန်ဖျားနာမှုအတွက် စောင့်ရှောက်မှုရနိုင်ပါသည်။ ခွဲစိတ်ကုသမှုများအတွက်မူ ပျမ်းမျှ ငါးမြို့နယ် (ငါးရာခိုင်နှုန်း)သာ ရှိသည်။ ထို့ကြောင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုများနှင့် နိုင်းယှဉ်ပါက ကွာဟချက် ကြီးမားနေသည်။ ထိုနည်းတူ အမျိုးသမီးများ မီးဖွားခြင်းကိုကြည့်ပါကလည်း စုစုပေါင်း မြို့နယ် ၁၁၀ အနက် ပျမ်းမျှ ၂၉ မြို့နယ် (၂၆ ရာခိုင်နှုန်း)ရှိ စစ်ကောင်စီ ဆေးရုံ၊ ဆေးပေးခန်းများတွင်သာ မီးဖွားနိုင်ကြသည်။ ပုဂ္ဂလိက ဆေးရုံ၊ ဆေးပေးခန်းများ၌ မီးဖွားနိုင်ခြင်းမှာ ပျမ်းမျှ ၅၇ မြို့နယ် (၅၂ ရာခိုင်နှုန်း) ရှိသဖြင့် စစ်ကောင်စီနှင့် နိုင်းယှဉ်ပါက နှစ်ဆပိုများပါသည်။ ကိုယ်ထူကိုယ်ထ ပရဟိတဆေးခန်းများ၏ ဝန်ဆောင်မှုကိုလည်း ပြည်သူအများက အားထားနေရသည်။ ISP-Myanmar က လေ့လာခဲ့သော မြို့နယ် ၁၁၀ ၏ သုံးပုံတပုံခန့်တွင် ပရဟိတဆေးခန်းများက ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ NUG က ဖွင့်လှစ်သော ဆေးရုံ၊ ဆေးပေးခန်းများနှင့် EAOs များက ဖွင့်လှစ်သော ဆေးရုံ၊ ဆေးပေးခန်းများ၏ ဝန်ဆောင်မှုပေးနိုင်စွမ်းမှာ နည်းနေပါသေးသည်။


## ● ပညာရေး

အခြေခံပညာသင်ယူမှုများ၌ စစ်ကောင်စီကျောင်းများကို တက်သူများရှိသည့်နည်းတူ အခြားနည်းလမ်း ရွေးသူများလည်း ရှိပါသည်။ စစ်ကောင်စီကျောင်းမဟုတ်သော အခြေခံပညာသင်ယူမှု၌ ပုဂ္ဂလိကကျောင်းများအပေါ် အားထားမှုများက သိသိသာသာ ပိုများလျက်ရှိသည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အားကိုးမှုမှာ ဒုတိယအများဆုံးဖြစ်သည်။ NUG ကဖွင့်သော အွန်လိုင်းသင်ကြားမှုစနစ်အခြေခံကျောင်းများထံမှ သင်ယူမှုသည် တတိယအများဆုံးဖြစ်သည်။ NUG သည် မြို့နယ် ၁၆ ခုထက်မနည်းတွင် ကျောင်းများဖွင့်ထားသည်။ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း၌ အများဆုံးရှိပါသည်။ တချိန်တည်းတွင် ရပ်ရွာအခြေပြု အသိုက်အဝန်းများက တပိုင်တနိုင်ဖွင့်ထားသော ကိုယ်ထူကိုယ်ထကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဘာသာရေးအဖွဲ့အစည်းများကဖွင့်သော ကျောင်းများတွင်လည်း သင်ယူလျက်ရှိကြသည်။ သို့သော် အဆိုပါကျောင်းများ၌ ပညာသင်ယူနိုင်မှုမှာ ၂၀၂၄ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများတွင် သိသိသာသာ လျော့နည်းသွားပါသည်။ ပညာသင်ယူရန် မည်သည့်အခွင့်အလမ်းမျှ မရကြသော မြို့နယ်များလည်း ရှိနေပါသည်။ အထူးသဖြင့် စစ်မက်ပြင်းထန်ရာ မြို့နယ်အများစု၌ အခြေခံပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ရပ်တန့်လျက်ရှိသည်။

ပညာသင်ယူခြင်းအတွက် ရွေးချယ်ရာ၌ အမျိုးသမီးများသည် ပုဂ္ဂလိကပညာရေးကို ပို၍ယုံကြည်ကြသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့သော ISP-Myanmar ၏ သုတေသနပြုလေ့လာမှုများအရ (သဘောထားအမြင်စစ်တမ်း ဖြေသူ အမျိုးသမီး ၅၄၂ ဦးအနက်) အမျိုးသမီး ၂၆၀ ဦးက ပုဂ္ဂလိကျောင်းများကို ယုံကြည်ကြောင်းဖြေကြသည်။ အမျိုးသမီး ၁၁၀ ဦးကမူ စစ်ကောင်စီကျောင်းများကို ယုံကြည်ကြောင်း ဆိုပါသည်။

## စစ်ကောင်စီမဟုတ်သောကျောင်းများထံမှ အခြေခံပညာသင်ယူမှု

မြို့နယ်အများစုတွင် အခြေခံပညာအတွက် ပုဂ္ဂလိကကျောင်းများကို အားထားနေကြသည်။




## • အဂတိလိုက်စားမှု

သက်ဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းဌာနများသို့ လာဘ်ပေးရမှုများမှာ မြို့နယ်အားလုံးနီးပါးတွင် ရှိနေသည်။ လူဝင်မှုကြီးကြပ်ရေး(လဝကရုံး)များကို လာဘ်ပေးရမှု အများဆုံးဖြစ်ပြီး လေ့လာခဲ့သော မြို့နယ် ၁၁၀ အနက် ပျမ်းမျှ ၉၃ မြို့နယ်တွင် ရှိသည်။ ဥပမာ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ကဲ့သို့ မြို့များတွင် တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်လိုသူနှင့် အလုပ်သွားလုပ်လိုသူ များပြားသဖြင့် လဝက သို့ လာဘ်ပေးရသည့် ငွေကြေးပမာဏလည်း များပြားကြောင်း သိရသည်။ ထို့အပြင် စစ်ကောင်စီ၏ မြို့နယ်အုပ်ချုပ်ရေးရုံး၊ တရားရုံး၊ စည်ပင်ရုံး၊ အခွန်ရုံးတို့ကို လာဘ်ပေးနေရမှုမှာလည်း မြို့နယ် ၁၁၀ အနက် ၉၀ ထက်မနည်းတွင် ရှိနေသည်။ စစ်ကောင်စီ၏ ဝန်ဆောင်မှုများဖြစ်သော လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် လာဘ်ပေးနေရမှုမှာလည်း မြို့နယ် ၈၀ နှင့်အထက်ရှိသည်။ အများစုမှာ ငွေကြေးနှင့် လက်ဆောင်ပစ္စည်းများကို တံစိုးလက်ဆောင်အဖြစ်ပေးနေရပြီး ရွှေထည်ပစ္စည်းများ ပေးရသည့် မြို့နယ်များလည်း ရှိနေသည်။

### လာဘ်ပေးရမှု

လဝကရုံးများ၊ အုပ်ချုပ်ရေးမှူးရုံးများနှင့် တရားရုံးများသို့ လာဘ်ပေးရမှုမှာ အများဆုံးဖြစ်သည်။




## အမှုအခင်းနှင့် ရာဇဝတ်မှုများ

မြို့နယ် ၁၁၀ အနက် ပျမ်းမျှအားဖြင့် ၈၆ မြို့နယ်တွင် ခိုးမှုများ လစဉ်ဖြစ်ပွားနေသည်။ ဒုတိယလိုက်နေသည်မှာ ဖောက်ထွင်းမှုနှင့် လုယက်မှုများဖြစ်သည်။ ပျမ်းမျှအားဖြင့် မြို့နယ် ၅၈ မြို့နယ်၌ ဖြစ်ပွားလျက်ရှိသည်။ လူပျောက်မှုမှာ မြို့နယ် ၄၀ ၌ ရှိနေပြီး အခြားအကြောင်းအမျိုးမျိုးကြောင့် သတ်ဖြတ်ခံရမှုများလည်း မြို့နယ် ၂၀ ထက်မနည်းတွင် ဖြစ်ပွားလျက်ရှိသည်။ သတ်ဖြတ်ခံရသော အကြောင်းရင်းများထဲတွင် စစ်ကောင်စီရပ်ကျေးအုပ်ချုပ်ရေးမှူးဖြစ်နေခြင်း၊ စစ်ကောင်စီဒလန်ဟုစွပ်စွဲခံရခြင်း၊ NUG/PDFs နှင့်ပတ်သက်ကြောင်း စွပ်စွဲခံရခြင်းတို့အပြင် အခြားသော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများကြောင့် သတ်ဖြတ်ခံရမှုများလည်း ပါဝင်သည်။

ထိုအမှုအခင်းများနှင့် ရာဇဝတ်မှုများကို စစ်ကောင်စီလက်အောက်ခံ ရပ်ကျေးအုပ်ချုပ်ရေးမှူးများထံ အများဆုံးတိုင်ကြားကြသည်။ စစ်ကောင်စီရဲတပ်ဖွဲ့ထံ တိုင်ကြားမှုမှာ ဒုတိယအများဆုံးဖြစ်သည်။


### အမှုအခင်းနှင့် ရာဇဝတ်မှုဖြစ်ပွားသည့် အခြေအနေ

၈၃ မြို့နယ်နှင့်အထက်တွင် ခိုးမှုများ လစဉ်ရှိနေသည်။



## အမှုအခင်းနှင့် ရာဇဝတ်မှုများဖြစ်ပါက တိုင်ကြားသည့်အခြေအနေ

မြို့နယ်အများစုတွင် အမှုအခင်းနှင့် ရာဇဝတ်မှုများကို ရပ်ကျေး အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားကြသည်။



## ISP RESEARCH NETWORK PROGRAM

လူမှုစီးပွားသုတေသနလေ့လာမှု

ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း စစ်တမ်းတွေ့ရှိချက်

### ‘နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရော့မည်’

စက်တင်ဘာလ၊ ၂၀၂၄ ခုနှစ်

SCAN THIS CODE

အမှုအခင်းနှင့် ရာဇဝတ်မှုများဖြစ်ချိန်တွင် မည်သူ့ကိုမျှမတိုင်ကြားဘဲ အချင်းချင်း ညှိနှိုင်းဖြေရှင်း၍ ကျေအေးကြသည်များလည်းရှိသည်။ ထိုသို့ဖြေဆိုမှုမှာ တတိယအများဆုံးဖြစ်သည်။ ဘာသာရေး ခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများထံ တိုင်ကြားသူများလည်းရှိသည်။ EAOs များ၊ NUG နှင့် NUG လက်အောက်ခံမဟုတ်သော PDFs/LPDFs များထံ တိုင်ကြားမှုများရှိသော်လည်း အလွန်နည်းပါးပါ သည်။


မည်သူ့ကိုမျှမတိုင်ကြားဘဲ အချင်းချင်း ကျေအေးကြသည်ဆိုသော ဖြေဆိုချက်မှာ သတိပြုစရာတခု ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ISP-Myanmar က လေ့လာခဲ့သော သဘောထားအမြင် စစ်တမ်းတွင်လည်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုကို အချင်းချင်း တိုင်ပင်ခြင်းဖြင့်သာ ဖြေရှင်းနေကြကြောင်း ဖော်ပြကြသည်။ အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုကို သိရကြောင်း ဖြေဆိုသူ ၂၈၇ ဦးထဲ၌ အချင်းချင်း တိုင်ပင်ဖြေရှင်းကြသည်ဟု ဖြေသူ ၁၈၃ ဦးရှိသည်။ မည်သူ့ကိုမျှ မတိုင်ကြောင်း ဖြေသူ ၁၃၃ ဦး ရှိခဲ့သည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် အိမ်တွင်းအကြမ်းဖက်ခံရခြင်း ကို ကြုံတွေ့ရသော အမျိုးသမီးများသည် ဥပဒေကြောင်းအရ တိုင်ကြားနိုင်စွမ်းမရှိဘဲ လက်သိပ်ထိုး နည်းများဖြင့်သာ ကျိတ်၍ဖြေရှင်းနေကြသည်ကို တွေ့ရသည်။

## ■ အပိုင်း-၄
## မူးယစ်ဆေးသုံးစွဲမှုနှင့် လောင်းကစားလုပ်ကိုင်ခြင်းများ

စိတ်မအေးဖွယ်တခုမှာ မူးယစ်ဆေးသုံးစွဲမှုများ ပို၍ ရေပန်းစားလာခြင်းဖြစ်သည်။ လွယ်လင့်တကူ ဝယ်ယူနိုင်သော ဝန်းကျင်လည်း ဖြစ်နေသည်။ အရွယ်ရောက်ပြီးသူများသာမက အရွယ်မရောက် သေးသူများ အကြားတွင်ပါ အဆန်းမဟုတ်သကဲ့သို့ ဖြစ်လာသည်။ ISP-Myanmar က လေ့လာခဲ့ သော မြို့နယ် ၁၁၀ အနက် ပျမ်းမျှ ၈၉ မြို့နယ်တွင် မူးယစ်ဆေးသုံးမှုများ တွင်ကျယ်နေသည်။ WY/ ရာဘ၊ Ecstasy စသော ဆေးပြားသုံးစွဲမှုမှာ အများဆုံးဖြစ်သည်။ ဆေးခြောက် (weed) သုံးခြင်းလည်း များသည်။ ပျမ်းမျှ မြို့နယ် ၈၀ နှင့်အထက်တွင် ထိုသို့ သုံးနေကြသည်။ ၎င်းတို့အပြင် ကော်ရှူခြင်းနှင့် ဘိန်းဖြူသုံးခြင်းတို့ကိုလည်း တွေ့ရသည်။ ဘိန်းစာရွက်ကို အခြားပါဝင်ပစ္စည်းများနှင့် ကျိုချက်သော (အရပ်အခေါ်) အာစီယံအရည်မူးယစ်ဆေး သုံးစွဲမှုလည်း ဒေသတချို့၌ တွင်ကျယ်လျက်ရှိသည်။

### မူးယစ်ဆေးဝါးသုံးစွဲမှု အခြေအနေ

WY/ ရာဘ၊ Ecstasy စသော ဆေးပြားများနှင့် ဆေးခြောက်သုံးခြင်းမှာ မြို့နယ်အများစုတွင် ရှိနေသည်။




မူးယစ်ဆေးသုံးစွဲမှု တွင်ကျယ်လာခြင်းနှင့်အတူ လောင်းကစားဝိုင်းများလည်း တိုးပွားလာနေသည်။ ရပ်ကွက်နှင့် ကျေးရွာများ၌ ပုံမှန်ဖြစ်ထွန်းနေသော နှစ်လုံးထီ၊ သုံးလုံးထီအပြင် ငါးပစ်ဂိမ်း၊ စလော့ဂိမ်းကဲ့သို့သော အွန်လိုင်းလောင်းကစားများ၊ စီးပွားဖြစ် ဂျင်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်းစသည်တို့လည်း ကြီးစိုးလာပါသည်။ ISP-Myanmar ၏ လေ့လာမှုများအရ မြို့နယ် ၁၁၀ အနက် ပျမ်းမျှ ၉၂ မြို့နယ်တွင် ထိုသို့ တွင်ကျယ်နေကြခြင်းဖြစ်သည်။

စားဝတ်နေရေးခက်ခဲခြင်း၊ ကုန်စျေးနှုန်းကြီးခြင်းနှင့် အလုပ်အကိုင်ရှားပါးခြင်းတို့ တပြိုင်နက်တည်း ရင်ဆိုင်နေရချိန်၌ မူးယစ်ဆေးသုံးစွဲခြင်းနှင့် လောင်းကစားခြင်းတို့ကို စိတ်ထွက်ပေါက်နှင့် လွတ်လမ်းရှာသည့်အနေဖြင့် လုပ်ဆောင်လာကြခြင်းဖြစ်သည်။ သို့သော် နောက်ဆက်တွဲဆိုးကျိုးများက ကပ်လိုက်လာသည်။ ဆိုးကျိုးများထဲတွင် အများဆုံးက ပိုင်ဆိုင်မှုများဆုံးရှုံးမှုဖြစ်သည်။ အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုမှာ ဒုတိယလိုက်သည်။

## လောင်းကစားလုပ်ကိုင်မှု အခြေအနေ

မြို့နယ် ၈၀ နှင့်အထက်တွင် စီးပွားဖြစ် လောင်းကစားခြင်းများ ရှိနေသည်။




# နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှု


မူးယစ်ဆေးသုံးစွဲခြင်းနှင့် လောင်းကစားခြင်းတို့ကြောင့် ပိုင်ဆိုင်မှုများဆုံးရှုံးမှုမှာ အများဆုံးဖြစ်သည်။

၂၀၂၄ မတ် ဧပြီ မေ ဇွန် ဇူလိုင် ဩဂုတ်

■ မူးယစ်ဆေးသုံးစွဲမှု၏ ဆိုးကျိုးများ




■ လောင်းကစားခြင်း၏ ဆိုးကျိုးများ



ISP-Myanmar ၏ လေ့လာချက်များအရ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လောင်းကစားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော အဆင်မပြေမှုများအတွက် အမျိုးသမီးများအပေါ်ပုံချသည့် အိမ်တွင်းအကြမ်းဖက်မှုများကိုတွေ့ရပါသည်။ မူးယစ်ဆေးသုံးစွဲမှု နောက်ဆက်တွဲဆိုးကျိုးအဖြစ် အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုမှာ မြို့နယ် ၁၁၀ အနက် အနည်းဆုံး ၄၄ မြို့နယ်နှင့်အထက်တွင် လစဉ်ရှိနေသည်။ အချို့လများတွင် မြို့နယ် ၆၀ ကျော်အထိရှိသည်။ ထိုနည်းတူ လောင်းကစားခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုမှာလည်း အနည်းဆုံး ၄၆ မြို့နယ်နှင့် အထက်တွင် လစဉ် ရှိနေသည်။

အမျိုးသမီးအများစုသည် အကြောင်းအမျိုးမျိုးကြောင့်ဖြစ်လာသော အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍ ဗဟုသုတ နည်းပါးကြသည်။ အချို့သောသူများအနေနှင့် အိမ်တွင်းအကြမ်းဖက်ခံနေရမှန်းပင် မသိကြဘဲ သာမန်အိမ်တွင်းရေးပြဿနာတခုကဲ့သို့ သဘောထားကာ ကြိတ်မှိတ်သည်းခံနေကြရသည်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားနိုင်သည်ကိုလည်း မသိကြပေ။ ဖိုဝါဒကြီးစိုးမှုနှင့် ရိုးရာဓလေ့ လွှမ်းမိုးသောနေရာများတွင် ပို၍ဆိုးပါသည်။ အိမ်ထောင်မပြိုကွဲလိုခြင်း၊ သို့မဟုတ် တိုင်ကြားသော်လည်း မထိရောက်ခြင်း စသည်တို့ကလည်း အဟန့်အတားများ ဖြစ်နေသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လောင်းကစားခြင်းတို့ကြောင့် ဖြစ်ပေါ်သော ဆိုးကျိုးများထဲတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု၊ မိမိကိုယ်ကိုယ် အဆုံးစီရင်မှု၊ အသက်ဆုံးရှုံးမှုနှင့် လူအချင်းချင်း သတ်ဖြတ်မှုများလည်း ပါဝင်သည်။


■ အပိုင်း-၅

## ဥတုကပ်ဘေး

စစ်ဘေးနှင့်အတူ ပြင်းထန်သော ဥတုကပ်ဘေးကိုလည်း ရင်ဆိုင်နေကြရသည်။ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အပူချိန်လွန်ကဲခြင်းကို သိသိသာသာ ခံစားခဲ့ကြရသည်။ ISP-Myanmar က လေ့လာခဲ့သော မြို့နယ် ၁၁၀ အနက် ၄၈ မြို့နယ်တွင် အလွန်ပူပြင်းခြင်းကို ကြုံတွေ့ခဲ့သည်။ အပူချိန် အနည်းငယ်လျော့ကျခဲ့သော မေလမှာပင် ၂၆ မြို့နယ်တွင် အပူချိန်လွန်ကဲမှုကို ရင်ဆိုင်ခဲ့ကြရသည်။ အပူလျော့ကျချိန်တွင် မိုးကြီးမိုးများခြင်းနှင့်အတူ ရေကြီးရေလျှံမှုများကို ဆက်လက်ရင်ဆိုင်ခဲ့ရပြန်သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် မြို့နယ် ၁၁၀ အနက် ၄၅ မြို့နယ်တွင် မိုးများရေကြီးမှုဒဏ်ကို ကြုံတွေ့ခဲ့ကြရသည်။ ဩဂုတ်လတွင် ၂၁ မြို့နယ်အထိ ကျဆင်းခဲ့သည်။ သို့သော် စက်တင်ဘာလရောက်ချိန်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးကြီးရေလျှံမှုများ ပြန်လည်ဖြစ်ပေါ်ခဲ့သည်။

### ဥတုကပ်ဘေး ရင်ဆိုင်ကြုံတွေ့ရမှု

အလွန်ပူပြင်းခြင်း၊ မိုးကြီးခြင်းနှင့် ရေကြီးခြင်းတို့ကို မြို့နယ်အများစု ရင်ဆိုင်ခဲ့ကြရသည်။




# ဥတုကပ်ဘေးကြောင့် ပျက်စီးမှုနှင့် ပြန်လည်ထူထောင်ရေး

ပြန်လည်ထူထောင်ရေးအတွက် ရပ်ရွာအတွင်းရှိ ကိုယ်ထူကိုယ်ထအဖွဲ့များကိုသာ အားကိုးနေရသည်။

၂၀၂၄ မတ် ဧပြီ မေ ဇွန် ဇူလိုင် သြဂုတ်

## ■ ဥတုကပ်ဘေးကြောင့် ထိခိုက်နစ်နာမှုများ




## ■ ပြန်လည်ထူထောင်ရေးအတွက် လုပ်ဆောင်ပေးနေသောအဖွဲ့များ



UNOSAT S-1 FloodAI Monitoring Dashboard ၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်အတွင်း ဥတုကပ်ဘေး၏ နောက်ဆက်တွဲအနေနှင့် နိုင်ငံအနှံ့ စိုက်ပျိုးမြေဧက အနည်းဆုံး ၁၀ သန်းကျော် ရေလွှမ်းမိုးခံခဲ့ရသည်။ စားဝတ်နေရေးခက်ခဲခြင်းအပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကို လည်း ရင်ဆိုင်ကြရသည်။ ထို့အပြင် ပြည်သူ့ဝန်ဆောင်မှု အလုံအလောက်မရခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန် များ သေကြေပျက်စီးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုမရခြင်း၊ ပညာသင်ယူရန်နှောင့်နှေးခြင်းတို့ကို လည်း ကြုံကြရသည်။ ရေကြီးရေလျှံမှုကဲ့သို့သော ဥတုကပ်ဘေးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်သင့်သူများအတွက် အားကိုးရာမှာလည်း နည်းလှသည်။ ပြန်လည်ထူထောင်ရေး အတွက် ကိုယ်ထူကိုယ်ထ ပရဟိတအဖွဲ့များကို အားကိုးခဲ့ကြရပြီး ဆောင်ရွက်ပေးမည့်သူ လုံးဝမရှိ သော နေရာများလည်းရှိနေသည်။ အရပ်ဘက်အဖွဲ့အစည်းများ(CSOs)က အကူအညီပေးကြသည် များလည်းရှိသည်။ စစ်ကောင်စီ လူကယ်ပြန်အဖွဲ့များ၏ ဆောင်ရွက်ပေးမှုမှာ နည်းပါးပါသည်။ NUG ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ ဆောင်ရွက်ပေးနိုင်မှုမှာလည်း နည်းလွန်းလှသည်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**

## ရှင်သူမှာပင် အသက်ရှူရပ်မတတ်

### ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ

ISP-Myanmar အနေနဲ့ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၄ ရက်က ပြုလုပ်ခဲ့တဲ့
'ISP နှင့်အတူ မိနစ် ၃၀' အစီအစဉ်မှာ **'ရှင်သူမှာပင် အသက်ရှူရပ်မတတ် -**
**ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ'**ခေါင်းစဉ်နဲ့ သုတေသနတွေ့ရှိချက်တွေကို တင်ပြခဲ့ပါတယ်။
အဲဒီ ဆွေးနွေးမှုဗီဒီယိုဖိုင်ကို ISP-Myanmar ရဲ့ YouTube Channel မှာ ဝင်ကြည့်နိုင်ပါတယ်။
ဝက်ဘ်ဆိုက်မှာဆိုရင်တော့ ရုပ်သံဖိုင်အပြင် ဆွေးနွေးချက်မှတ်တမ်း PDF ဖိုင်တွေကိုပါ
အင်္ဂလိပ်ဘာသာနဲ့ရော မြန်မာဘာသာနဲ့ပါ ရယူဖတ်ရှုနိုင်ပါတယ်။

SCAN THIS CODE

## စစ်တမ်းကောက်ယူမှုနည်းစနစ်

ISP-Myanmar သည် မြန်မာနိုင်ငံအတွင်းရှိ လူမှုစီးပွားအခြေအနေများကို သုတေသနပြု ဆန်းစစ်လေ့လာနိုင်ရန် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း ၃၃၀ ၏ သုံးပုံတပုံဖြစ်သော) မြို့နယ် ၁၁၀ တွင် ဒေသဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်လေ့လာမှုနည်းစနစ် (Observatory Method) ဖြင့် ၂၀၂၃ ခုနှစ် မေလမှစ၍ ကောက်ယူလျက်ရှိသည်။ မြို့နယ် ၁၁၀ ကို ရွေးချယ်ရာတွင် ခိုင်လုံတိကျမှုရှိစေရန် ခရိုင်မြို့ ၇၅ ခုကို ဦးစားပေးရွေးချယ်ခဲ့သည်။ ထိုသို့ရွေးချယ်ရခြင်းမှာ ခရိုင်မြို့များတွင် အုပ်ချုပ်ရေးအပါအဝင် အထွေထွေဝန်ဆောင်မှုများနှင့်ပတ်သက်သော ဌာနဆိုင်ရာရုံးများ တည်ရှိသဖြင့် သတင်းအချက်အလက်လေ့လာရာ၌ ပိုမိုပြည့်စုံနိုင်သောကြောင့်ဖြစ်သည်။ ကျန် ၃၅ မြို့နယ်ကို ရွေးချယ်ရာတွင် လူဦးရေအများဆုံးဖြစ်ခြင်းနှင့် စီးပွားရေးအရအချက်အချာကျခြင်းတို့အပေါ် ဦးစားပေးခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းနှင့် ပြည်နယ်အားလုံး ပါဝင်အောင်လည်း ရွေးချယ်ခဲ့ပါသည်။

သုတေသနပြု စစ်တမ်းလုပ်ရခြင်းမှာ ပြည်သူအများ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများနှင့် လူမှုစီးပွားအပြောင်းအလဲများကို လေ့လာရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လောင်းကစားခြင်း အခြေအနေများနှင့် ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်နိုင်ရန်နှင့် စစ်ကောင်စီ၏ မြေပြင်အုပ်ချုပ်ရေးအခြေအနေကို ဆန်းစစ်လေ့လာနိုင်ရန်တို့အတွက်ပင် ဖြစ်ပါသည်။ ထိုရည်ရွယ်ချက် သုံးခုအပေါ်မူတည်၍ မေးခွန်း ၉၂ ခု ပြင်ဆင်ခဲ့ပါသည်။ မေးခွန်းများပြင်ဆင်ခြင်း နည်းနာပိုင်းကို ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

အချက်အလက်များ ကောက်ယူစဉ်ကာလအတွင်း အုပ်စုဖွဲ့ဆွေးနွေးမှုများ (Focus Group Discussions) ကိုလည်း အွန်လိုင်းမှတဆင့် ပုံမှန်ပြုလုပ်ခဲ့ပါသည်။ လစဉ်ရရှိထားသော ဒေသန္တရ မြေပြင်အချက်အလက်များနှင့် အုပ်စုဖွဲ့ဆွေးနွေးချက်များမှရလာသည့် အကြောင်းအရာများအပေါ် ဆန်းစစ်သုံးသပ်၍ အချက်အလက် ခိုင်မာအားကောင်းစေရန် (Data Validation) လုပ်ဆောင်ခဲ့သည်။ အချက်အလက်ကောက်ယူသူများအနေနှင့် ISP-Myanmar က ချမှတ်ထားသော လုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်း (Security Protocol)ပါ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များနှင့် ချိတ်ဆက်၍ ကောက်ယူစေခဲ့ပါသည်။ ရရှိလာသော အချက်အလက်များကိုလည်း ISP-Myanmar က သတ်မှတ်ထားသော နည်းစနစ်နှင့်အညီ လုံခြုံစွာ သိမ်းဆည်းခဲ့ပါသည်။ ■

Institute for Strategy and Policy-Myanmar
+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com
www.ISPMyanmar.com